၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်မှ (၇)ရက် အတွင်း လူ့အခွင့်အရေး ချိုးဖောက်မှု ကြုံတွေ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ



စဉ်	ပြည်နယ်နှင့် တိုင်းဒေသကြီး	ကျူးလွန်သည့် အကြိမ်ရေ	မှတ်ချက်
၁	စစ်ကိုင်း	၁၀	
၂	မွန်	၂	
၃	မန္တလေး	၅	
၄	ပဲခူး	၄	
၅	ချင်း	၂	
၆	ရှမ်း	၃	
၇	ကရင်	၄	
၈	ရခိုင်	၆	
၉	တနင်္သာရီ	၃	
၁၀	ဧရာဝတီ	၁	
၁၁	ရန်ကုန်	၃	
၁၂	ကယား	၁	
၁၃	ကချင်	၁	
	စုစုပေါင်း	**၄၅**	

ဖေဖော်ဝါရီ (၁)ရက်မှ (၇)ရက်အတွင်း စစ်အာဏာရှင်တပ်သားများက စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး နှင့် ကရင်ပြည်နယ် တို့တွင် လေကြောင်းအသုံးပြု ဖုံးကြဲတိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့သည်။ ဖေဖော်ရီ(၅)ရက်နေ့ ကယားပြည်နယ်၊ ဒီမော့ဆိုမြို့နယ်တွင် စစ်အာဏာရှင်တပ်၏ လေကြောင်း အသုံးပြု ဖုံးကြဲ တိုက်ခိုက်မှုကြောင့် ကလေးငယ် (၄)ဦး သေဆုံးခဲ့ပြီး (၁၀)ဦး ကျော် ထိခိုက် ဒဏ်ရာ ရခဲ့သည်။ စစ်အာဏာရှင်တပ်သားများက စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး နှင့် ကချင်ပြည်နယ်တို့မှ ဒေသခံပြည်သူ (၃၀၀)ကျော်ကို လူသားဒိုင်းအဖြစ် ဖမ်းဆီး အသုံးပြုခဲ့သည်။ မန္တလေး အိုးဘို ထောင်မှ နိုင်ငံရေး အကျဉ်းသူ တဦး ဆေးကုသခွင့် လုံလောက်စွာ မရရှိခဲ့သောကြောင့် သေဆုံးခဲ့ရသည်။

Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်

Share

made with Infogram

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်မှ (၇)ရက် အတွင်း စစ်အာဏာရှင်တပ်များမှ လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများ



စဉ်	လူ့အခွင့်အရေး ချိုးဖောက်ခဲ့သည့် နည်းလမ်းများ	အကြိမ်ရေ
၁	လေကြောင်း/သေနတ်/လက်နက်ကြီးဖြင့် ပစ်သတ်ခြင်း	၃
၂	လေကြောင်း/သေနတ်/လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းကြောင့် ဒဏ်ရာရခြင်း	၅
၃	လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း	၁၂
၄	အသက်မပြည့်သေး ကလေးများ ထိခိုက်ခြင်း	၃
၅	ဗုံးကြဲတိုက်ခိုက်ခြင်း	၅
၆	ဖမ်းဆီးခံရခြင်း	၄
၇	ဖမ်းဆီးခေါ်ဆောင်သွားခံရပြီးနောက် သေဆုံးခြင်း	၄
၈	အာဏာပြ ခြိမ်းခြောက်ခြင်း/ အမိန့်ထုတ်ပြန်ကြေငြာခြင်း	၂
၉	အသက်မပြည့်သေး ကလေးများ သေဆုံးခြင်း	၄
၁၀	ပြည်သူပိုင်အဆောက်အဦး/ပစ္စည်းများမီရှို့ဖျက်ဆီးခြင်း	၁၃
၁၁	ပြည်သူပိုင် အဆောက်အဦး/ပစ္စည်းများ ဖျက်ဆီးခြင်း	၅
၁၂	လေကြောင်းအသုံးပြုခြင်း	၆
၁၃	ပြည်သူများကို မီရှို့သတ်ခြင်း	၁
၁၄	ပြည်သူပိုင်ပစ္စည်းများသိမ်းယူခြင်း/ခိုးယူခြင်း	၂
၁၅	နေရပ်သေသေ စွန့်ခွာရခြင်း	၃
၁၆	ဆေးကုသခွင့်ရရှိရန် လိုအပ်ခြင်း	၁
၁၇	ငွေကြေးတောင်းခံခြင်း	၃
၁၈	မြေမြှုပ်မိုင်း	၂
၁၉	လူသားဒိုင်း ပြုလုပ်ခြင်း/ဆားဆားခံအဖြစ် ဖမ်းဆီးခြင်း	၄
၂၀	ဖမ်းဆီး ညှင်းပန်းနှိပ်စက်ခံရခြင်း	၂
၂၁	အဓမ္မခိုင်းစေခြင်း	၁

စစ်အာဏာရှင်တပ်သားများ၏ လက်နက်ကြီး၊ လက်နက်ငယ်တို့ဖြင့် ပစ်ခတ်မှုကြောင့် တပတ်အတွင်း ပြည်သူ (၈)ဦး သေဆုံးခဲ့ပြီး (၃၀)ကျော် ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ စစ်အာဏာရှင် တပ်သားများ၏ လူ့အခွင့်အရေး ချိုးဖောက် မှုများကြောင့် အသက်မပြည့်သူ (၁၂)ကျော် ဒဏ်ရာရရှိခဲ့ပြီး (၉)ဦး သေဆုံးခဲ့ရသည်။ စစ်အာဏာရှင်တပ်သားများ၏ မြေမြှုပ်မိုင်းကြောင့် ပြည်သူ (၇)ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ပြီး (၁)ဦး သေဆုံးခဲ့သည်။

Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်

Share

made with infogram